# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
# ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၁
# နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
# (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ သည် ဤ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၁ ကိုထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းများအသုံးပြုရမည့် လျှောက်လွှာပုံစံများအား အောက်ပါအတိုင်းသတ်မှတ်လိုက်သည် -

(က) အမ်အက်ဖ်အိုင်(စ်) - ၀၁ ပုံစံ ။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရမည့် ပုံစံဖြစ်သည်။ အောက်ပါ အခြေအနေများတွင် ၎င်းပုံစံအား အသုံးပြုရမည်ဖြစ်သည် -

(၁) လုပ်ငန်းစတင်လုပ်ဆောင်ရန် လိုင်စင် စတင်လျှောက်ထားခြင်း၊

(၂) လုပ်ငန်းအမျိုးအစား ပြောင်းလဲလုပ်ကိုင်ခြင်း(အပ်ငွေလက်ခံခြင်း မပြုသည့် အဖွဲ့အစည်း/အပ်ငွေလက်ခံသည့်အဖွဲ့အစည်း)၊

(၃) အခြားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းခြင်း သို့မဟုတ် မိမိ အဖွဲ့အစည်းအား ခွဲခြမ်းဖွဲ့စည်းခြင်း၊

(၄) ဥပဒေမပြဋ္ဌာန်းမီ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေ သောအဖွဲ့အစည်းများမှ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်လျှောက် ထားခြင်း။

(ခ) အမ်အက်ဖ်အိုင်(စ်) - ၀၂ ပုံစံ ။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ရုံးခွဲများတည်ထောင်ခြင်း၊ လုပ်ငန်းနေရာရွှေ့ပြောင်းခြင်း၊ လုပ်ငန်းပိတ်ခြင်းတို့ အတွက် လျှောက်ထားရမည့် ပုံစံဖြစ်သည်။

၃။ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများအနက် လောလောဆယ်ဘဏ်များအနေဖြင့် အသေးစားငွေရေး ကြေးရေးလုပ်ငန်းကို စနစ်တကျကွပ်ကဲရန် အခြေအနေမပေးသေးသဖြင့် ဘဏ်များမှ အပ သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်သည်။

၄။ ဥပဒေပုဒ်မ ၂၉ အရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသေးစားချေးငွေထုတ်ပေးခြင်း၊ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံ လုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှငွေချေး ယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သော်လည်း လောလော ဆယ် အောက်ပါလုပ်ငန်း နှစ်မျိုး ကိုသာ လုပ်ကိုင်ခွင့်လိုင်စင် ချထားပေးမည်ဖြစ်သည် –

(က) အသေးစားချေးငွေထုတ်ပေးခြင်း၊

(ခ) အပ်ငွေလက်ခံခြင်း ။

၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့်အဖွဲ့အစည်းများသည် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ တစ်ခုတည်းသာမဟုတ်ဘဲ တစ်ခုထက်ပို၍ လုပ်ကိုင်လိုပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီသို့ တိုက်ရိုက်လျှောက်ထားရမည်။ထိုသို့ လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော် ကောင်စီ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ၏ စိစစ် ခွင့်ပြုချက် များရယူ၍ ပူးတွဲတင်ပြရမည်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တစ်ခုသာ ချထားပေးမည်ဖြစ်သည်။

၆။ ဥပဒေမပြဋ္ဌာန်းမီ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် မတည်ငွေကိစ္စနှင့်ပတ်သက်၍ စာရင်းဇယား၊ အထောက် အထားများခိုင်လုံစွာ တင်ပြရမည်။ အဆိုပါ အဖွဲ့အစည်းများအနေဖြင့် စာရင်းဇယား၊ အထောက်အထားများခိုင်လုံကြောင်း သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ စစ်ဆေးအတည်ပြုချက်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရမည်။

၇။ စာပိုဒ် ၂ ပါ သတ်မှတ်ထားသော လျှောက်လွှာပုံစံနမူနာများမှာ နောက်ဆက်တွဲ(က) နှင့်(ခ) တို့ပါအတိုင်းဖြစ်သည်။

လှထွန်း

ဥက္ကဋ္ဌ